## THE BACKGROUND

Over the past few years, Myanmar has become one of the fastest growing economies in the world. The manufacturing sector in Myanmar is at a cross-road: whilst industrial development is progressing and remains critically important for economic growth, if not managed responsibly it could have significant negative impacts on the country's natural environment and biodiversity, and undermine Myanmar's long-term development.

Cleaner production represents an opportunity to ensure growth while conserving natural resources, promoting innovation and helping industries to mitigate risks, cut costs, and reduce environmental impacts.

The project directly contributes to Sustainable Development Goals 12: Responsible Consumption & Production.




60% of companies in Myanmar are in Food & Beverage (F & B) sector

(27,113 registered factories nationwide)




Less than 5% have functioning wastewater treatment



F & B companies in Myanmar are one of the largest consumers and polluters of water and energy




89% of the country's F & B companies are small and medium-sized enterprises (SMEs)

## ABOUT "THA BAR WA"

Tha Bar Wa project promotes cleaner production in food and beverage industry by promoting

**a. Waste water treatment plants**

**b. Energy efficiency and**

**c. Renewable energy**

**How Tha Bar Wa project supports key stakeholders in Myanmar**

- It supports factories to design, finance and implement cleaner production solutions
- It builds technical skills and know-how of local experts on cleaner production
- It works with the government to develop a roadmap for cleaner production guidelines
- It supports financial institutions to offer banking products designed specifically for cleaner productions

## QUICK FACTS

| | |
|---|---|
| **Project name** | "Tha Bar Wa" |
| **Funded by** | European Union under the SWITCH-Asia Programme |
| **Duration** | 48 months (Feb 2018 – Jan 2022) |
| **Implementing Partners** | Myanmar Food Processors and Exporters Association (MFPEA), Saving Banks Foundation for International Cooperation (SBFIC), World Wide Fund for Nature (WWF) |
| **Associate Partners** | Ayeyarwaddy Farmers Development Bank, Co-Operative Bank, Myanma Apex Bank, Myanmar Citizens Bank |
| **Beneficiaries** | SMEs and industrial zones of Food & Beverage (F&B) sector, local banks, communities living near industrial zones, local industry associations and business intermediaries |
| **Key stakeholders** | MoNREC, MoPFI, YCDC, DRI, YTU, UMFCCI and Industrial Zone Committees |

**CONTACT** Sai Bar Blu | saibar.blu@wwf.org.mm | +95 122 9331

**wwf.org.mm/en/thabarwa**

A sustainable future for industry

Funded by the European Union

ဤစီမံကိန်း အကျဉ်းချုပ်ကို ဥရောပသမဂ္ဂ၏ ရန်ပုံငွေ ထောက်ပံ့မှုဖြင့် ထုတ်လုပ်ထားခြင်း ဖြစ်ပါသည်။ စီမံကိန်း အကျဉ်းချုပ်တွင် ပါဝင်သော အကြောင်းအရာများသည် WWF တစ်ဦးတည်း၏ ကိစ္စရပ်သာဖြစ်ပြီး ဥရောပသမဂ္ဂ၏ ရှုမြင်လက်ခံမှုကို ထင်ဟပ်သည်ဟု မယူဆနိုင်ပါ။

# နောက်ခံအကြောင်းအရာ

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်မှု အမြန်ဆုံးနိုင်ငံတစ်ခု ဖြစ်လာသည်။ မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍသည် စက်မှုလုပ်ငန်းဆိုင်ရာ စဉ်ဆက်မပြတ် တိုးတက်မှု ဖြစ်ပေါ်ခြင်းနှင့် စီးပွားရေး တိုးတက်မှုဖြစ်စေခြင်းတို့သည် ဆက်စပ်လျက်ရှိရာ တာဝန်သိ စီမံလိုက်နာခြင်း မရှိပါက နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ မျိုးကွဲများ အတွက် ကြီးမားသော ထိခိုက်မှုများ ရှိလာနိုင်စေပြီး နိုင်ငံ၏ ရေရှည် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်ပေါ်စေနိုင်သည်။
ညစ်ညမ်းစေမှု ပိုနည်းသည့် ထုတ်လုပ်မှုသည် သဘာဝ သယံဇာတများကို ထိန်းသိမ်း စောင့်ရှောက်၍ ဆန်းသစ်တီထွင်မှုကိုတိုးမြှင့်ပေးပြီး စက်မှုလုပ်ငန်းများကို အန္တရာယ်ဖြစ်စေနိုင်မှုလျှော့ချခြင်း၊ ကုန်ကျစရိတ်လျှော့ချခြင်းနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချခြင်းတို့ လုပ်ဆောင်နိုင်ရန် ကူညီပေးသည်။
စီမံကိန်းသည် ရေရှည်ဖွံ့ ဖြိုးမှုပန်းတိုင်များ (SDGs) ၏ ပန်းတိုင် ၁၂ - ရေရှည်တည်တံ့သော စားသုံးမှုနှင့် ထုတ်လုပ်မှုပုံစံ ဖြစ်စေရေး သေချာရန်ဆိုသည့် ပန်းတိုင်ကို တိုက်ရိုက် အကျိုးပြု ထောက်ပံ့ပေးနေသည်။




(၆၀) ရာခိုင်နှုန်းသော ကုမ္ပဏီများသည် စားသောက်ကုန်နှင့် အဖျော်ယမကာ ကဏ္ဍမှ ဖြစ်သည်။
(တစ်နိုင်ငံလုံးတွင် မှတ်ပုံတင်ထားသော စက်ရုံ အရေအတွက် ၂၇,၁၁၃ ရှိသည်။)




ထိုလုပ်ငန်း အရေအတွက်၏ ၅ရာခိုင်နှုန်းအောက်သာ စွန့်ပစ်ရေဆိုးများအား သန့်စင်၍ စွန့်ပစ်မှု ပြုလုပ်နိုင်သည့် အနေအထားတွင် ရှိသည်။



မြန်မာနိုင်ငံ၏ စားသောက်ကုန်နှင့် အဖျော်ယမကာ ကုမ္ပဏီများသည် ရေနှင့် စွမ်းအင်သုံးစွဲမှုနှင့် ညစ်ညမ်းစေမှု အများဆုံး ဖြစ်ပေါ်စေသော စက်မှုလုပ်ငန်း ကဏ္ဍများထဲမှ တစ်ခု ဖြစ်သည်။




(၈၉) ရာခိုင်နှုန်းသောစားသောက်ကုန်နှင့် အဖျော်ယမကာကုမ္ပဏီများသည် အသေးစားနှင့် အလတ်စားလုပ်ငန်း (SMEs) ဖြစ်သည်။

# သဘာဝစီမံကိန်းအကြောင်း

"သဘာဝ" စီမံကိန်းသည် အောက်ပါအချက်များကို အဓိကထား၍ စားသောက်ကုန်နှင့် အဖျော်ယမကာ လုပ်ငန်းကဏ္ဍတွင် ညစ်ညမ်းစေမှု ပိုနည်းသော ထုတ်လုပ်မှုပုံစံကို အားပေးမြှင့်တင်မှု ပြုလုပ်နေပါသည်။

(၁) စွန့်ပစ်ရေဆိုး သန့်စင်မှုပြုသည့် စနစ်
(၂) စွမ်းအင် ထိရောက်အကျိုးရှိစွာ သုံးစွဲမှုနှင့်
(၃) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်

**"သဘာဝ" စီမံကိန်းက မြန်မာနိုင်ငံအတွင်းရှိ အဓိက ဆက်စပ်ပတ်သက်သူများအား ပံ့ပိုးကူညီမည့် ကဏ္ဍများ**

- စီမံကိန်းမှ စက်ရုံများအား ညစ်ညမ်းစေမှုပိုနည်းသည့်ထုတ်လုပ်မှုပုံစံ ရရှိအောင် ဒီဇိုင်းထုတ်ခြင်း၊ အဆိုပါဒီဇိုင်း အကောင်အထည်ဖော်ရန် မတည်ငွေကြေးရရှိရန်နှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ပံ့ပိုးကူညီသွားမည်။
- စီမံကိန်းမှ ညစ်ညမ်းစေမှု ပိုနည်းသည့် ထုတ်လုပ်မှုနှင့် ပတ်သက်၍ ပြည်တွင်း ကျွမ်းကျင်ပညာရှင်များအား နည်းပညာပိုင်းဆိုင်ရာနှင့် ၄င်းနှင့်သက်ဆိုင်သော အသိပညာ အရည်အသွေးများကို မြှင့်တင်ပေးသွားမည်။
- စီမံကိန်းမှ ညစ်ညမ်းစေမှု ပိုနည်းသည့် ထုတ်လုပ်မှု အတွက် စည်းမျဉ်း/ကမ်းများ တိုးတက်ဖြစ်ပေါ်လာရန် အစိုးရနှင့် ပူးပေါင်း လုပ်ဆောင်သွားမည်။
- စီမံကိန်းမှ ညစ်ညမ်းစေမှု ပိုနည်းသည့် ထုတ်လုပ်မှုပုံစံများအတွက် အထူးဒီဇိုင်း ထုတ်ထားသည့် ချေးငွေဝန်ဆောင်မှုများပေးနိုင်ရန် ငွေကြေးဆိုင်ရာ အဖွဲ့ အစည်းများကို ပံ့ပိုးကူညီသွားမည်။

# အကျဉ်းချုပ် အချက်အလက်များ

- **စီမံကိန်းအမည်** - "သဘာဝ"
- **ရန်ပုံငွေပေးအပ်သူ** - ဥရောပသမဂ္ဂ၏ SWITCH – Asia အစီအစဉ်အောက်မှ
- **အချိန်ကာလ** - ၄၈ လ (ဖေဖော်ဝါရီ ၂၀၁၈ မှ ဇန်နဝါရီလ ၂၀၂၂အထိ)
- **အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့များ** - မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၊ Saving Banks Foundation for International Cooperation၊ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့
- **အခြားမိတ်ဖက်အဖွဲ့အစည်းများ** - ဧရာဝတီတောင်သူလယ်သမား တိုးတက်ဖွံ့ ဖြိုးရေးဘဏ်၊ သမဝါယမဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်
- **အကျိုးရလဒ်ခံစားရသူများ** - စားသောက်ကုန်နှင့် အဖျော်ယမကာကဏ္ဍမှ အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်များ၊ စက်မှုဇုန်များ၊ ပြည်တွင်းဘဏ်များ၊ စက်မှုဇုန်များအနီးနေထိုင်ကြသော ရပ်ရွာလူထုများ၊ ပြည်တွင်းစက်မှုလုပ်ငန်းအသင်းအဖွဲ့များနှင့် စီးပွားရေးကြားခံအဖွဲ့များ
- **အဓိကပါဝင်ဆောင်ရွက်သူများ** - MoNREC၊ MoPFI၊ YCDC၊ DRI၊ YTU၊ UMFCCI နှင့် စက်မှုဇုန်ကော်မတီများ

စီမံကိန်း (သို့) ညစ်ညမ်းစေမှုပိုနည်းသည့် ထုတ်လုပ်မှုအကြောင်းအရာများနှင့် ပတ်သက်၍ သိရှိလိုပါက
စိုင်းဘာဘလု | saibar.blu@wwf.org.mm | +95 122 9331
wwf.org.mm/thabarwa

Tha Bar Wa
A sustainable future for industry

Funded by the European Union

This document has been produced with the financial assistance of the European Union. The contents of this document are the sole responsibility of WWF and can under no circumstances be regarded as reflecting the position of the European Union.